(ဆ) နောက်ဆက်တွဲ(ဆ)တွင် မြေပေါ်ရေ အရင်းအမြစ်များဆုံးရှုံးမှုမရှိစေရေးအတွက် စီမံကိန်းကာလအတွင်း မြေလွှတ်မြေရိုင်းများတွင် အစားထိုးသစ်ပင်များစိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်း၊ ထင်းအစားထိုးလောင်စာ/လျှပ်စစ်မီးရရှိရန် စီမံဆောင်ရွက်ခြင်း၊ Recycle စနစ် အသုံးပြုခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ မြေအောက်ရေဆုံးရှုံးမှုမရှိစေရေးအတွက် စီမံကိန်းကာလအတွင်း မြေအောက်လှိုဏ်များတွင် မလိုအပ်သောကျင်းများ၊ လှိုဏ်များအား စနစ်တကျပိတ်သိမ်းခြင်းတို့ စီမံဆောင်ရွက်ထားကြောင်း၊ Recycle စနစ်အသုံးပြုခြင်းနှင့် နှစ်စဉ်မိုးရာသီကာလတွင် မြေလွှတ်မြေရိုင်းများ၌ သစ်ပင်များအစားထိုးစိုက်ပျိုးခြင်း၊ Green Belt အစီအစဉ်ဆောင်ရွက်ခြင်းတို့ စီမံဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ဇ) နောက်ဆက်တွဲ (ဆ) တွင် လေအရည်အသွေးထိခိုက်မှုလျှော့ချရေးအတွက် စီမံကိန်းကာလအတွင်း ယာဉ်ကြီးများသွားလာခြင်းအတွက် အမြန်နှုန်းလျှော့ချခြင်း၊ လမ်းများပေါ်တွင် ရေဖြန်းခြင်း၊ ယမ်းဖောက်ခွဲရာတွင် Wet Drill အသုံးပြုခြင်း၊ နှာခေါင်းစီးအသုံးပြုခြင်း၊ ယာဉ်များကို စစ်ဆေးပြုပြင်ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ဈ) အပေါ်ယံမြေစာများစုပုံရာတွင် ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် သီးခြားမြေနေရာသတ်မှတ်၍ စနစ်တကျ စုပုံထားမည်ဖြစ်ကြောင်း၊ မိုးရာသီတွင် မြေဆီလွှာပုံအား ရေတိုက်စား၍ ပျောပါခြင်းမရှိစေရန် လှေကားထစ်ပုံသဏ္ဌာန် ပုံဖော်၍ မြေထိန်းမြက်များစိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊

(ည) အစီရင်ခံစာ စာမျက်နှာ (၄၇) တွင် ယမ်းနှင့်ဆက်စပ်ပစ္စည်းများကို လုပ်ကွက်အတွင်းထားရှိမှုမရှိဘဲ ယမ်းခွဲသည့်အချိန်မှသာ ထုတ်ယူသုံးစွဲခြင်းဖြစ်ကြောင်း၊ ယမ်းနှင့်ဆက်စပ်ပစ္စည်းများကိုင်တွယ်အသုံးပြုခြင်းနှင့်ပတ်သက်၍ တာဝန်ကျဝန်ထမ်းများအား သင်တန်းများပို့ချမည်ဖြစ်ကြောင်း၊ လုပ်ကွက်အတွင်း မီးဘေးကာကွယ်ရေးစနစ်များလုံလောက်စွာစီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် စာမျက်နှာ (၄၅) တွင် ယမ်းခွဲရာတွင် အချိန်သတ်မှတ်ခြင်း၊ ယမ်းသုံးစွဲမှုပမာဏ ကန့်သတ်သုံးစွဲခြင်း၊ Short Delay-Detonator များသုံးစွဲ၍ တုန်ခါမှုနှင့်ဆူညံသံများအား လျှော့ကျစေရေး စီမံဆောင်ရွက်ခြင်းတို့ ဆောင်ရွက်မည်ဖြစ်ကြောင်း၊

(ဋ) အခန်း (၉) ဘေးအန္တရာယ်ကာကွယ်ရေးအစီအစဉ် ဖော်ပြချက်တွင် တူးဖော်ရေးလုပ်သားများကို အကာအကွယ်ဝတ်စုံများ ဝတ်ဆင်ပြီးမှသာ လုပ်ငန်းခွင်အတွင်းသို့ ဝင်ရောက်လုပ်ကိုင်စေမည်ဖြစ်ကြောင်း၊ မြေအောက်တွင် လေဝင်လေထွက် ကောင်းမွန်စေရေးအတွက် လေပေးစက် ( Blower ) များထားရှိမည်ဖြစ်ကြောင်း၊ လူအဆင်းအတက်ပြုလုပ်ရန် (Man Way) များ ထားရှိခြင်း၊ မြေအောက်လုပ်ကွက် တစ်ခုနှင့်တစ်ခုချိတ်ဆက်သော (Access Way) များဖောက်လုပ်ခြင်းကို စနစ်တကျဆောင်ရွက်